# မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၈ ။)

၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်

(၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၁ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (င) တွင်ပါရှိသော "ပြည်ထောင်စုအစိုးရ ကျန်းမာရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်ကို "ပြည်ထောင်စုအစိုးရ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ည) ၏ နောက်တွင် ပုဒ်မခွဲ (ဋ) နှင့် (ဌ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဋ) လက်နက်ကိုင်ပဋိပက္ခများ၊ အကြမ်းဖက်မှုများ၊ သဘာဝ သို့မဟုတ် လူ့ပယောဂကြောင့် ဖြစ်သော ဘေးအန္တရာယ်များနှင့် မတော်တဆဖြစ်မှုများကြောင့် ထိခိုက်ဒဏ်ရာ ရရှိသူများကို လူသားချင်းစာနာထောက်ထားခြင်းအပေါ် အခြေခံကာ ရှေးဦးပြုစုခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ အားပေးကူညီခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်၊

(ဌ) ရှေးဦးပြုစုခြင်း ပညာရပ်ပြန့်ပွားရေးအတွက် အမျိုးသားအဆင့်အစီအမံများ ဆောင်ရွက်ရန်။"

၄။ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၉။(က) ကောင်စီသည် ကောင်စီဝင်များထဲမှ အချိန်ပြည့် အလုပ်အမှုဆောင်အဖွဲ့ဝင် ငါးဦးနှင့် အချိန်ပိုင်းအလုပ်အမှုဆောင်အဖွဲ့ဝင် ခြောက်ဦး၊ စုစုပေါင်းအဖွဲ့ဝင် ၁၁ ဦး ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ရွေးချယ်တင်မြှောက်ခြင်းခံရသည့် အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် အချိန်ပြည့်အလုပ်အမှုဆောင်အဖွဲ့ဝင် ငါးဦးအနက်မှ ဥက္ကဋ္ဌတစ်ဦးနှင့်ဒုတိယ ဥက္ကဋ္ဌတစ်ဦးတို့ကို ရွေးကောက်တင်မြှောက်ရမည်။"

၅။ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေတွင်ပါရှိသော “အသင်းအဆင့်ဆင့်” ဆိုသည့်စကားရပ်များကို “အသင်း၊ ကြီးကြပ်မှုကော်မတီ၊ အသင်းခွဲနှင့် အသင်းခွဲငယ်များ” ဆိုသည့်စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၆။ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေ ပုဒ်မ ၂၅၊ ပုဒ်မခွဲ (ဥ) ကို အောက်ပါအတိုင်း အစားထိုး ရမည် -

“(ဥ) တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့်ခရိုင်များအတွက် ကြီးကြပ်မှုကော်မတီများကို လည်းကောင်း၊ မြို့နယ်၊ တက္ကသိုလ်နှင့်ကောလိပ်များအတွက် အသင်းခွဲအမှုဆောင် အဖွဲ့များကိုလည်းကောင်း၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ အခြေခံပညာကျောင်း၊ စက်ရုံနှင့်အလုပ်ဌာနများအတွက် အသင်းခွဲငယ်များကိုလည်းကောင်း ဖွဲ့စည်းခြင်းနှင့် တာဝန်သတ်မှတ်ပေးခြင်းတို့ ပြုနိုင်သည်။”

၇။ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေ ပုဒ်မ ၂၅၊ ပုဒ်မခွဲ (ထ) ၏ နောက်တွင် ပုဒ်မခွဲ (ဒ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

“(ဒ) အသင်း၏ စီမံခန့်ခွဲရေးလုပ်ငန်းများကို ဆောင်ရွက်ရန် အသင်း၏ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးကို အထွေထွေအတွင်းရေးမှူးအဖြစ် ခန့်အပ်ရမည်။”

၈။ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေ ပုဒ်မ ၂၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၂၆။ အလုပ်အမှုဆောင်အဖွဲ့သည် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်ကြီးကြပ်မှုကော်မတီများ အတွက် နာယက တင်မြှောက်ခြင်းကိုလည်းကောင်း၊ မြို့နယ်၊ တက္ကသိုလ်နှင့် ကောလိပ် အသင်းခွဲများအတွက် နာယက တင်မြှောက်ခြင်းကိုလည်းကောင်း၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ အခြေခံပညာကျောင်း၊ စက်ရုံ၊ အလုပ်ဌာနများ၏ အသင်းခွဲငယ်များအတွက် တာဝန်ခံ တင်မြှောက်ခြင်းကိုလည်းကောင်း အတည်ပြုနိုင်သည်။”

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်